ပိဋကတ္တယမာမကအသင်း
နာယကဆရာတော်များက ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

# အုပ်စု (၂) ဒီဃနိကာယ
# သီလက္ခန္ဓဝဂ္ဂပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆-ရက်၊ (၈-၇-၂၀၂၃) စနေနေ့
ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ စူဠသီလတို့တွင် နောက်ဆုံးသီလကို ဖြေဆို၍ ဗြဟ္မဇာလသုတ်၏ အခြားနာမည်များကို ဖော်ပြပြီး ယင်းသုတ်၏ အဆုံး၌ ထူးခြားသော ဖြစ်ရပ်ကိုလည်း ဖြေဆိုပါ။

၂။ အဇာတသတ်မင်းအား သဉ္စယဗေလဋ္ဌပုတ္တ၏ တပည့်အမတ်ကြီးက ပြောကြားသော သဉ္စယဗေလဋ္ဌ-ပုတ္တ၏ ဂုဏ်ပုဒ်တို့ကို ဖော်ပြ၍ ဒိဗ္ဗစက္ခုညာဏ်ဖြင့် မြင်သော သတ္တဝါတို့ကိုလည်း ဖြေဆိုပါ။

၃။ ဘုရားဖူးလာသော အမ္ဗဋ္ဌလုလင်အား ရဟန်းတို့က ပြောကြားပုံစကားရပ်တို့ကို ဖြေဆို၍ ယင်းလုလင် မတွေ့မြင်သော မြတ်စွာဘုရား၏ မဟာပုရိသလက္ခဏာတို့ကိုလည်း ဖြေဆိုပါ။

၄။ ပုဏ္ဏားတို့၏ "ပုဏ္ဏား"ဟု သတ်မှတ်ပညတ်နိုင်လောက်သော အင်္ဂါ(၅)မျိုးတို့တွင် ပထမ, တတိယ အင်္ဂါ ရပ်တို့ကို ဖြေဆိုပြီး လောက၌ အမြတ်ဆုံးဟု ခေါ်ဆိုအပ်သော တရားတို့ကိုလည်း ဖြေဆိုပါ။

၅။ မဟာဝိဇိတမင်း၏ သဘောတူအသင်းအပင်းသရုပ်ကို ထုတ်ပြပြီး၊ မဟာဝိဇိတမင်း၏ ဂုဏ်အင်္ဂါဟူသော အဋ္ဌပရိက္ခာရတို့တွင် အလယ် (၂) ခုကိုသာ တိကျစွာ ဖြေဆိုပါ။

၆။ သုနက္ခတ္တလိစ္ဆဝီမင်းသားက မဟာလိအား ပြောကြားသော စကားရပ်ကို ရေးသားပြီး ဇာလိယသုတ်, မဟာသီဟနာဒသုတ်များကို ဟောကြားရာ အရပ်ကိုလည်း ဖြေဆိုပါ။

၇။ ကဿပတက္ကတွန်းက ဘုရားရှင်အား လျှောက်ထားသော ခြိုးခြံသော အကျင့်တို့တွင် ဒုတိယ လျှောက် ထားသော အကျင့်တို့ကို မဟာသီဟနာဒသုတ်လာအတိုင်း အစဉ်တကျ ရေးသားဖြေဆိုပါ။

၈။ မိစ္ဆာအယူကို ဧကန်နိဗ္ဗာန်ရောက်ကြောင်းတရား မဟုတ်ဟု မြတ်စွာဘုရား ဟောကြားရခြင်းအကြောင်း တို့ကို ဖြေဆိုပြီး အတ္တဘောရခြင်း သုံးမျိုးကိုလည်း သိသာရုံမျှ ဖြေဆိုပါ။

၉။ မြတ်သောရောင့်ရဲခြင်းနှင့် ပြည့်စုံသောရဟန်း၏ မှီဝဲရာ ကျောင်း အိပ်ရာ နေရာတို့ကို ပါဠိတော်လာ အတိုင်း အစဉ်တကျ ရေးသားဖြေဆိုပါ။

၁၀။ မနသာကဋပုဏ္ဏားရွာ၌ နေထိုင်ကြသော ပုဏ္ဏားဆရာကြီး (၅)ယောက်ကို ဖြေဆိုပြီး မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းပွားများပုံကိုလည်း ဖြေဆိုပါ။

**တစ်ပုစ္ဆာလျှင် (၁၀) မှတ်စီ**

ပိဋကတ္တယမာမကအသင်း

နာယကဆရာတော်များက ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၂) ဒီဃနိကာယ

## မဟာဝဂ္ဂပါဠိတော် မြန်မာပြန် မေးခွန်း

**၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇-ရက်၊ (၉-၇-၂၀၂၃) တနင်္ဂနွေနေ့**

**ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)**

---

၁။ ဇာတိသည် အဘယ့်ကြောင့် စက်ဆုပ်ဖွယ်ဖြစ်ရသည်ကိုဖြေဆို၍ အဘယ်သို့ ကြံတွေး၍ လူအပေါင်းသည် ဝိပဿီမင်းသားကို အတုယူ ရဟန်းပြုကြသည်ကို ပြဆိုကာ မြတ်စွာဘုရားသည် အဘယ့်ကြောင့် ရှေးဘုရားရှင်တို့၏ ဇာတိ, နာမ, ဂေါတ္တစသည်ကို သိတော်မူနိုင်ရသည်ကို ပြည့်စုံစွာ ဖော်ပြပါ။

၂။ အဘယ်သို့ မရှုသောရဟန်းကို လောက၌ တစ်စုံတစ်ခုကိုမျှ မစွဲလမ်းသောရဟန်းဟု ဆိုရသည်ကို ဖြေဆို၍ လေးခုမြောက်ဝိညာဏဋ္ဌိတိကို ပြဆိုကာ အရိယန်လူမျိုးတို့နေထိုင်ရာ အဘယ်မြို့သည် အဘယ်အန္တရာယ်များ ကျရောက်နိုင်သည်ကို သတိပြုဖွယ် ဖော်ပြပါ။

၃။ တရားကြေးမုံ လေးပါးစုံကို အကျဉ်းမျှ ပြဆို၍ ဝေသာလီ၏ သာယာပျော်မွေ့ဖွယ်ကောင်းသော အရပ်ဒေသတို့တွင် နောက်ဆုံးအရပ်ဒေသ၌ မြတ်စွာဘုရားကျူးရင့်တော်မူသော ဥဒါန်းစကားကိုလည်း မြန်မာဘာသာဖြင့် ဖြေဆိုပါ။

၄။ မြတ်စွာဘုရား အာတုမမြို့၌ သီတင်းသုံးတော်မူစဉ် ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်ကို အကျဉ်းမျှ ဖော်ပြ၍ အခြားဆွမ်းအလှူတို့ထက် အာနိသင်ကြီးမား၍ အကျိုးတူသော ဆွမ်းအလှူနှစ်မျိုးကို ပြဆိုကာ မြတ်စွာဘုရားကို အကောင်းဆုံး ပူဇော်နည်းကိုလည်း ဖြေဆိုခဲ့ပါ။

၅။ မြတ်စွာဘုရား၏ စွယ်တော်လေးဆူ အပူဇော်ခံတည်ရှိရာ အရပ်ဒေသများကို ဖော်ပြ၍ မဟာသုဒဿနမင်းကြီး၏ ဘဝနေထိုင်မှုပုံစံနှင့် ရလာဒ်ကို အကျဉ်းမျှပြဆိုကာ အရှင်အာနန္ဒာကို ရှုမြင်စေသော သင်္ခါရနှင့်စပ်သော သဘောတရားများကိုလည်း ဖြေဆိုပါ။

၆။ ဇနဝသဘနတ်သား မြတ်စွာဘုရားထံ ချဉ်းကပ်ရခြင်းအကြောင်းနှစ်ပါးတို့တွင် ဒုတိယအကြောင်းကို အကျယ် ဖော်ပြ၍ တာဝတိံသာဝယ် ဗြဟ္မာကြွလာမည့်နိမိတ်သည် အဘယ်အရပ်မှ အဘယ်သို့ ထွက်ပေါ်လာသည်ကို ဖြေဆို၍ သနင်္ကုမာရဗြဟ္မာမင်းကြီးမှ စ၍ အရှင်အာနန္ဒာအထိ အစဉ်အဆက် ဟောကြားခဲ့သော တရားတော်၏ အကျိုးတရားများကိုလည်း ပြဆိုပါ။

၇။ သိကြားမင်း ဟောပြသော မြတ်စွာဘုရားဂုဏ်တော် ရှစ်ပါးတို့တွင် သုံးပါးမြောက်, ခုနစ်ပါးမြောက် ဂုဏ်တော်တို့ကို ဖော်ပြ၍ ဗြဟ္မာတို့နှင့် တွေ့ဆုံဆွေးနွေးနိုင်ကြောင်း နည်းလမ်းကောင်းနှင့် ဗြဟ္မာ့ပြည်ရောက်ကြောင်း နည်းလမ်းကောင်းကို ပြဆိုပါ။

၈။ သမာန-စသော နတ်ဆယ်မျိုးကို ဖော်ပြ၍ မာရ်နတ်၏ မိုက်မဲပုံကို ပြဆိုကာ ပဉ္စသိခ၏ စောင်းသီချင်းဂါထာတို့တွင် သုံးခုမြောက် သီချင်းဂါထာကို မြန်မာဘာသာဖြင့် ဖော်ပြပါ။

၉။ ခါတ်ကမ္မဋ္ဌာန်းရှုပုံကို ဖော်ပြ၍ ဥပါယာသအဓိပ္ပါယ်နှင့် တဏှာ၏ တည်ရာကိုလည်း ပြဆိုပါ။

၁၀။ ကံ, ကံ၏ အကျိုးနှင့်စပ်၍ ပါယာသိမြို့စား၏ အယူအဆကို ဖော်ပြပြီး ထိုအယူအဆကို ပယ်ရှားရန် အရှင်ကုမာရကဿပ ထုတ်ဆောင်ရှင်းပြသော ဥပမာတို့တွင် ရှေ့ခြောက်ပါးကိုသာ ဖြေဆိုပါ။

**တစ်ပုဒ်လျှင် (၁၀) မှတ်စီ**

ပိဋကတ္တယမာမကအသင်း
နာယကဆရာတော်များက ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၂) ဒီဃနိကာယ**

**ပါထိကဝဂ္ဂပါဠိတော် မြန်မာပြန် မေးခွန်း**

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈-ရက်၊ (၁၀-၇-၂၀၂၃) တနင်္လာနေ့
ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ သုနက္ခတ္တရဟန်း သာသနာတော်မှ စွန့်ခွါ လူထွက်သွားရခြင်းအကြောင်းကို ရေး၍ လောက၏ အစနှင့် ပတ်သက်၍ သမဏဗြာဟ္မဏတို့ ဟောပြောကြပုံ ဝါဒစုံကိုလည်း လိုရင်းမျှ ဖြေဆိုပါ။

၂။ ဘဂ္ဂဝအနွယ်ဖြစ်သော ပရိဗိုဇ်အား မြတ်စွာဘုရား တိုက်တွန်းတော်မူသော နောက်ဆုံးစကားတော်ကို ရေး၍ မြတ်စွာဘုရား တရားဟောတော်မူခြင်း၏ ရည်ရွယ်ချက် ၅-မျိုးကိုလည်း ရေးခဲ့ပါ။

၃။ အရိယစက္ကဝတ္တိဝတ်များတွင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်မည့်သူများ မိမိတိုင်းပြည်၌ မဖြစ်စေရမည့် သဘောတရားကို ရေး၍ သမဏဗြာဟ္မဏတို့ထံ လျောက်ပတ်သောအခါ ချဉ်းကပ်၍ မေးမြန်း စုံစမ်းရမည့် အရာများကိုလည်း ပြည့်စုံအောင် ဖြေဆိုခဲ့ပါ။

၄။ လူတို့၏ အနှစ်ငါးရာသက်တမ်းကာလ၌ တိုးတက်များပြားလာသော တရားများကို ဖော်ပြ၍၊ "မြတ်စွာဘုရား၏ ရင်မှဖြစ်သော သား, (ပ) တရားအမွေခံဖြစ်သော သား" ဟု ဆိုထိုက်သော ပုဂ္ဂိုလ်၏ ဂုဏ်ရည်များကိုလည်း ဖြေဆိုပြီးလျှင် ဝါသေဋ္ဌအား မိန့်တော်မူအပ်သော ကိုယ်တော်မြတ်၏ အမည်တော် ၄-မျိုးကိုလည်း ရေးခဲ့ပါ။

၅။ လိုက်နာကျင့်သုံးရမည့် ကောင်းသောနှုတ်အကျင့်(ဘဿသမာစာရ)များကို ရေး၍၊ (က)ငြိမ်းအေးမှုကို မဖြစ်စေနိုင်သော သုခလ္လိကာနုယောဂ, (ခ)ငြိမ်းအေးမှုကို ဖြစ်စေနိုင်သော သုခလ္လိကာနုယောဂတို့တွင် နောက်ဆုံး နှစ်မျိုးစီတို့ကို ထုတ်နှုတ် ဖြေဆိုခဲ့ပါ။

၆။ (က) "ပညောင်ပင်ကဲ့သို့ ဝန်းဝိုင်းသော ကိုယ်ရှိခြင်း, မကိုင်းမညွတ်ဘဲ ရပ်လျက်ပင် နှစ်ဘက်သောလက်ဝါး အပြင်တို့ဖြင့် ပုဆစ်ဒူးတို့ကို သုံးသပ်ဆုပ်နယ်နိုင်ခြင်း" ဟူသော မဟာပုရိသလက္ခဏာ နှစ်ပါးတို့ကို ရရှိတော်မူခြင်း၏ ရှေးကောင်းမှု (ခ) "သင်းကျစ်ဆင်ထားဘိသကဲ့သို့သော ဦးခေါင်းတော်ရှိခြင်း" ဟူသော မဟာပုရိသလက္ခဏာတော်ကြောင့် ဘုရားရှင် ရရှိတော်မူသော အကျိုးတို့ကို ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။

၇။ "ယသ"ဟူသော အခြံအရံ အကျော်အစောကို ရရှိမည့် ပုဂ္ဂိုလ်တို့ကို သိင်္ဂါလလုလင်အား မြတ်စွာဘုရား မိန့်တော်မူသည့်အတိုင်း ပြည့်စုံအောင် ရေးသား ဖြေဆိုခဲ့ပါ။

၈။ (က) မြတ်စွာဘုရားအား အာဋ္ဌာနာဋိယမည်သော ပရိတ်အစောင့်အရှောက် ဂါထာတို့ကို ရွတ်ဆိုလျှောက်ထားသောပုဂ္ဂိုလ် (ခ) ဂန္ဓဗ္ဗနတ်တို့ကို အစိုးရသော နတ်မင်း (ဂ) ပါဝါပြည်သား မလ္လာမင်းတို့၏ မင်းကွန်းသစ်အမည် (ဃ) ဒုက-တရားနှစ်ပါးစုတို့တွင် နောက်ဆုံးနှစ်ပါး (င) ဝန်တိုခြင်း "မစ္ဆရိယ"တို့တွင် နောက်ဆုံး နှစ်ပါးတို့ကို တိကျစွာ ဖြေဆိုပါ။

၉။ ၅-ခုမြောက် မှီခိုရာပြုတတ်သော(နာထကရဏ)တရားကို ဖြေဆို၍ ငါ့ရှင်တို့! ရဟန်းသည် အဘယ်သို့လျှင် အလုံးစုံသော ရှာမှီးခြင်းတို့ကို ကောင်းစွာ စွန့်လွှတ်ပြီးဖြစ်သနည်း? ဟူသော အမေးကို ဖြေဆိုပြပါ။

၁၀။ ဒသုတ္တရသုတ္တန်၏ ဂုဏ်ရည်နှင့် ယင်းသုတ္တန်ကို ဟောတော်မူချိန် ဘုရားရှင် သီတင်းသုံးတော်မူရာအရပ်ကို ဖော်ပြ၍ (ယောနိသောမနသိကာရ) နှလုံးသွင်း မှန်ကန်သူအား ရရှိနိုင်သော အကျိုးတရား အဆက်ဆက်ကို လည်း ဖြေဆိုပါ။

**တစ်ပုဒ်လျှင် (၁၀) မှတ်စီ**

## အုပ်စု (၂) ဒီဃနိကာယ
## သီလက္ခန္ဓဝဂ္ဂပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆-ရက်၊ (၈-၇-၂၀၂၂) စနေနေ့

- - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - -

၁။ စူဠသီလတို့တွင် နောက်ဆုံးသီလကို ဖြေဆို၍ ဗြဟ္မဇာလသုတ်၏ အခြားနာမည်များကို ဖော်ပြပြီး ယင်းသုတ်၏ အဆုံး၌ ထူးခြားသော ဖြစ်ရပ်ကိုလည်း ဖြေဆိုပါ။

၁-ဖြေ အဖြေ

**စူဠသီလတို့တွင် နောက်ဆုံးသီလ-**

ဖြတ်ခြင်း,သတ်ခြင်း,နှောင်ဖွဲ့ခြင်း,ခရီးသွားတို့ကိုလုယက်ခြင်း,ရွာနိဂုံးတို့ကိုဖျက်ဆီးခြင်း,ဓားပြတိုက်ခြင်းတို့မှ ရှောင်ကြဉ်တော်မူခြင်း ဖြစ်ပါသည်။ (မြန်၊၅။ ပါ၊၅။) (၄-မှတ်)

**ဗြဟ္မဇာလသုတ်၏ အခြားနာမည်များ-**

၁။အတ္ထဇာလသုတ် ၂။ဓမ္မဇာလသုတ် ၃။ဒိဋ္ဌိဇာလသုတ် ၄။အနုတ္တရသင်္ဂါမဝိဇယသုတ်။ (မြန်၊၅၃။ ပါ၊၄၃။) (၄-မှတ်)

**ယင်းသုတ်၏အဆုံး၌ထူးခြားသောဖြစ်ရပ်-**

တစ်သောင်းသောလောကဓာတ် တုန်လှုပ်ခြင်း။ (မြန်၊၅၃။ ပါ၊၄၃။) (၂-မှတ်)

---

၂။ အဇာတသတ်မင်းအား သဉ္စယဗေလဋ္ဌပုတ္တ၏ တပည့်အမတ်ကြီးက ပြောကြားသော သဉ္စယဗေလဋ္ဌပုတ္တ၏ ဂုဏ်ပုဒ်တို့ကို ဖော်ပြ၍ ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မြင်သော သတ္တဝါတို့ကိုလည်း ဖြေဆိုပါ။

၂-ဖြေ **သဉ္စယဗေလဋ္ဌပုတ္တ၏ဂုဏ်ပုဒ်များ-**

သဉ္စယဗေလဋ္ဌပုတ္တသည်တပည့်အပေါင်းနှင့်လည်းပြည့်စုံခြင်း၊ဂိုဏ်းနှင့်လည်းပြည့်စုံခြင်း၊ဂိုဏ်းဆရာလည်းဖြစ်ခြင်း၊ ထင်ရှား ကျော်စောခြင်း၊ အယူဝါဒ တီထွင်သူ ဖြစ်ခြင်း၊ သူတော်ကောင်းဟု လူအများက သမုတ်ထားသူဖြစ်ခြင်း၊ ရဟန်းဝါရင့်ခြင်း၊ ရဟန်းသက် ရှည်ခြင်း၊ ရှည်သောအခွန့်သို့ ရောက်ခြင်း (ရှေးမီခြင်း)၊ အဆုံးအရွယ်သို့ ရောက်ခြင်း။ (မြန်၊၅၅။ ပါ၊၄၅။) (၆-မှတ်)

**ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မြင်သော သတ္တဝါ-**

သေဆဲသတ္တဝါ၊ဖြစ်ပေါ်ဆဲသတ္တဝါ၊ယုတ်သောသတ္တဝါ၊မြတ်သောသတ္တဝါ၊အဆင်းလှသောသတ္တဝါ၊အဆင်းမလှသောသတ္တဝါ၊ကောင်းသောလားရာရှိသောသတ္တဝါ၊မကောင်းသောလားရာရှိသောသတ္တဝါ၊ကံအား လျော်စွာ ဖြစ်ပေါ်သော သတ္တဝါတို့ဖြစ်ပါသည်။ (မြန်၊၉၆။ ပါ၊၇၈။) (၄-မှတ်)

---

၃။ ဘုရားဖူးလာသော အမ္ဗဋ္ဌလုလင်အား ရဟန်းတို့က ပြောကြားပုံစကားရပ်တို့ကို ဖြေဆို၍ ယင်းလုလင် မတွေ့မြင်သော မြတ်စွာဘုရား၏ မဟာပုရိသလက္ခဏာတို့ကိုလည်း ဖြေဆိုပါ။

၃-ဖြေ **ဘုရားဖူးလာသော အမ္ဗဋ္ဌလုလင်အား ရဟန်းတို့က ပြောကြားပုံစကားရပ်-**

"အမ္ဗဋ္ဌတံခါးပိတ်ထားသော ကျောင်းသို့တိတ်ဆိတ်စွာချဉ်းကပ်ပြီးနောက်မုခ်ဦးသို့ဖြည်းညင်းစွာ ဝင်၍ ချောင်းဟန့်ပြီးလျှင် တံခါးကို ခေါက်လော့၊ မြတ်စွာဘုရားသည် သင့်အားတံခါးဖွင့်ပေးပါ လိမ့်မည်''ဟု ပြောကြားကြပါသည်။ (မြန်၊၁၀၄။ ပါ၊၈၄။) (၆-မှတ်)

**ယင်းလုလင် မတွေ့မြင်သော မြတ်စွာဘုရား၏ မဟာပုရိသ လက္ခဏာ-**

အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသနိမိတ်, ရှည်ပြန့်သော လျှာတော်တို့ဖြစ်ပါသည်။

(မြန်၊၁၂၁။ ပါ၊၉၉။) (၄-မှတ်)

---

၄။ ပုဏ္ဏားတို့၏ "ပုဏ္ဏား"ဟု သတ်မှတ်ပညတ်နိုင်လောက်သော အင်္ဂါ(၅)မျိုးတို့တွင် ပထမ, တတိယ အင်္ဂါ ရပ်တို့ကို ဖြေဆိုပြီး လောက၌ အမြတ်ဆုံးဟု ခေါ်ဆိုအပ်သော တရားတို့ကိုလည်း ဖြေဆိုပါ။

၄-ဖြေ **ပထမအင်္ဂါ-**

ပုဏ္ဏားသည်အမိဘက်အဖဘက်နှစ်ဖက်စလုံးတို့မှကောင်းသောဇာတ်ရှိခြင်း၊ဘိုးဘေးခုနစ်ဆက် တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိခြင်း၊ ဇာတ်နှင့် စပ်သော စကားဖြင့်အပယ်မခံရ, အကဲ့ရဲ့မခံ ရခြင်း။ (၃-မှတ်)

**တတိယအင်္ဂါ-**

အဆင်းလှခြင်း၊ရှုချင်ဖွယ်ရှိခြင်း၊မြတ်သောအဆင်းသဏ္ဍာန်နှင့်ပြည့်စုံခြင်း၊ဗြဟ္မာနှင့်တူသော အဆင်းရှိခြင်း၊ ဗြဟ္မာနှင့်တူသော ကိုယ်ရှိခြင်း၊ ခံ့ညားသော ကိုယ်ခန္ဓာရှိခြင်း။

(၃-မှတ်) (မြန်၊၁၃၅၊ပါ၊၁၁၃။)

**အမြတ်ဆုံးဟု ခေါ်ဆိုအပ်သော တရားများ-**

သီလ နှင့် ပညာ ဖြစ်ပါသည်။ (၄-မှတ်) (မြန်၊၁၃၉။ ပါ၊၁၁၆)

---

၅။ မဟာဝိဇိတမင်း၏သဘောတူအသင်းအပင်းသရုပ်ကိုထုတ်ပြပြီး၊မဟာဝိဇိတမင်း၏ဂုဏ်အင်္ဂါဟူသောအ ဋ္ဌပရိက္ခာရတို့တွင် အလယ် (၂) ခုကိုသာ တိကျစွာ ဖြေဆိုပါ။

၅-ဖြေ **သဘောတူအသင်းအပင်းသရုပ်-**

၁။ နိဂုံးဇနပုဒ်နေ အရံမင်းများ ၂။ နိဂုံးဇနပုဒ်နေ အမတ် မင်းမှုထမ်းများ။

၃။ နိဂုံးဇနပုဒ်နေ ပုဏ္ဏား သူဌေးများ ၄။နိဂုံးဇနပုဒ်နေဥစ္စာအစုအပုံရှိသောသူကြွယ်များ။

(မြန်၊၁၅၂။ ပါ၊၁၃၀။) (၄-မှတ်)

**ဝိဇိတာဝီမင်း၏ ဂုဏ်တို့တွင် အလယ်တည့်တည့် (၂) ခု-**

၁။ ဗိုလ်ပါအင်အား ရှိခြင်း၊ သစ္စာရှိသော အမိန့်ကို ရိုသေစွာ လိုက်နာသော အင်္ဂါလေးပါးရှိသော စစ်သည်နှင့် ပြည့်စုံခြင်း၊ စစ်သည်ဗိုလ်ပါအခြံအရံဖြင့် ရန်သူတို့ကို ဖိနှိပ်လွှမ်းမိုးနေသကဲ့သို့ ဖြစ် ခြင်း။

၂။ သဒ္ဓါတရားရှိခြင်း၊ ပေးကမ်းစွန့်ကြဲတတ်ခြင်း၊ အမြတ်ကို ပေးတတ်သော အလှူရှင်ဖြစ်ခြင်း၊ ရဟန်းပုဏ္ဏား အထီးကျန်သူ ခရီးသွား ဖုန်းတောင်း ယာစကာတို့အတွက် မပိတ်သော တံခါး ရှိခြင်း၊ ရေတွင်းသဖွယ်ဖြစ်၍ ကောင်းမှုတို့ကို ပြုခြင်း။ (မြန်၊၁၅၃။ ပါ၊၁၃၀)(၆-မှတ်)

၆။ သုနက္ခတ္တလိစ္ဆဝီမင်းသားက မဟာလိအား ပြောကြားသော စကားရပ်ကို ရေးသားပြီး ဇာလိယသုတ်, မဟာသီဟနာဒသုတ်များကို ဟောကြားရာ အရပ်ကိုလည်း ဖြေဆိုပါ။

၆-ဖြေ **သုနက္ခတ္တလိစ္ဆဝီမင်းသားက မဟာလိအားပြောသောစကားရပ်-**

မဟာလိငါသည်မြတ်စွာဘုရားကိုအမှီပြု၍နေခဲ့သည်မှာမကြာမြင့်လှပါ။အစအဆုံးသုံးနှစ်သာဖြစ်ပါ၏၊ (ထိုကာလအတွင်း၌) ငါသည် ချစ်ဖွယ်သော သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ်ဖြစ်ကုန်သော နတ်လောကမှ အဆင်း 'ရူပါရုံ' တို့ကို မြင်ရ၏၊ သို့သော်လည်း အသံ 'သဒ္ဒါရုံ' တို့ကို ကား မကြားရပါ'ဟု ပြော၏။ (မြန်၊၁၇၁။ ပါ၊၁၄၅။) (၅-မှတ်)

**ဇာလိယသုတ်ဟောရာအရပ်-**

ကောသမ္ဗီပြည်အနီး ဃောသိတာရုံကျောင်း။ (မြန်၊၁၇၉။ ပါ၊၁၅၁။(၂-မှတ်)

**မဟာသီဟနာဒသုတ်ဟောရာအရပ်-**

ဥရုညမြို့အနီး သားတို့ကို ဘေးမဲ့ပေးရာဖြစ်သော ကဏ္ဏက ထလ (အရပ်) ။

(မြန်၊၁၈၁။ ပါ၊၁၅၃။) (၃-မှတ်

---

၇။ ကဿပတက္ကတွန်းက ဘုရားရှင်အား လျှောက်ထားသော ခြိုးခြံသော အကျင့်တို့တွင် ဒုတိယ လျှောက်ထားသော အကျင့်တို့ကို မဟာသီဟနာဒသုတ်လာအတိုင်း အစဉ်တကျ ရေးသားဖြေဆိုပါ။

၇-ဖြေ

၁။ ဟင်းရွက်စိမ်းကိုသော်လည်း စားခြင်း

၂။ ပြောင်းဆန်ကိုသော်လည်း စားခြင်း

၃။ ကျိတ်သီးဆန်ကိုသော်လည်း စားခြင်း၊

၄။ သားရေဖတ် အစအနကိုသော်လည်း စားခြင်း၊

၅။ မှော်ကိုသော်လည်း စားခြင်း၊

၆။ ဖွဲနုကိုသော်လည်း စားခြင်း၊

၇။ ထမင်းရည်ကိုသော်လည်း သောက်စားခြင်း၊

၈။ နှမ်းမှုန့် ညက်ကိုသော်လည်း စားခြင်း၊

၉။ မြက်ကိုသော်လည်း စားခြင်း၊

၁၀။ နွားချေးကိုသော်လည်းစားခြင်း၊

၁၁။ တောသစ်မြစ် သစ်သီးကို စားလျက် မျှတခြင်း၊

၁၂။ ကြွေကျသော သစ်သီးကို စားလျက် မျှတခြင်း။ (မြန်၊၁၈၆၊ ပါ၊၁၅၇) (၁၀-မှတ်)

---

၈။ မိစ္ဆာအယူကို ဧကန်နိဗ္ဗာန်ရောက်ကြောင်းတရား မဟုတ်ဟု မြတ်စွာဘုရား ဟောကြားရခြင်းအကြောင်းတို့ကို ဖြေဆိုပြီး အတ္တဘောရခြင်း သုံးမျိုးကိုလည်း သိသာရုံမျှ ဖြေဆိုပါ။

၈-ဖြေ **မြတ်စွာဘုရား ဟောကြားရခြင်းအကြောင်း-**

မိစ္ဆာအယူသည်အကျိုးစီးပွားနှင့်မစပ်ခြင်း၊လောကုတ္တရာတရားနှင့်မစပ်ခြင်း၊အကျင့်မြတ်၏အစမျှပင် မဟုတ်ခြင်း၊ ငြီးငွေ့ရန်အလို့ငှါ မဖြစ်ခြင်း၊ တပ်မက်ခြင်း ကင်းရန် အလို့ငှါမဖြစ်ခြင်း၊ ဝဋ်ဆင်းရဲ ချုပ်ရန်အလို့ငှါ မဖြစ်ခြင်း၊ ကိလေသာငြိမ်းရန်အလို့ငှါ မဖြစ်ခြင်း၊ ထူးသောဉာဏ်ဖြင့်သိရန် အလို့ငှါမဖြစ်ခြင်း၊ သစ္စာလေးပါးကို သိရန်အလို့ငှါ မဖြစ်ခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အလို့ငှါ မဖြစ်ခြင်းတို့ဖြစ်ပါသည်။ (မြန်၊၂၀၈။ ပါ၊၁၇၇။) (၇-မှတ်)

**အတ္တဘောရခြင်း သုံးမျိုး-**

၁။ ကြမ်းတမ်းထင်ရှားသော အတ္တဘောကို ရခြင်း။

၂။ စျာန်စိတ်ဖြင့်ပြီးသော အတ္တဘောကို ရခြင်း။

၃။ ရုပ်မရှိသော အတ္တဘောကို ရခြင်းတို့ဖြစ်ပါသည်။ (မြန်၊၂၁၃၊ ပါ၊၁၈၀။) (၃-မှတ်)

---

၉။ မြတ်သောရောင့်ရဲခြင်းနှင့် ပြည့်စုံသောရဟန်း၏ မှီဝဲရာ ကျောင်း အိပ်ရာ နေရာတို့ကို ပါဠိတော်လာအတိုင်း အစဉ်တကျ ရေးသားဖြေဆိုပါ။

၉-ဖြေ

တော၊ သစ်ပင်ရင်း၊ တောင်၊ ချောက်၊ တောင်ခေါင်း၊ သင်းချိုင်း၊ တောအုပ်၊ လွင်ပြင်၊ ကောက်ရိုးပုံ။

(မြန်၊၂၂၇။ ပါ၊၁၉၅။) (တစ်ခုလျှင် ၁-မှတ်စီ၊ အားလုံးမှန်က ၁၀-မှတ်၊)

---

၁၀။ မနသာကဋပုဏ္ဏားရွာ၌ နေထိုင်ကြသော ပုဏ္ဏားဆရာကြီး (၅)ယောက်ကို ဖြေဆိုပြီး မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းပွားများပုံကိုလည်း ဖြေဆိုပါ။

၁၀-ဖြေ **ပုဏ္ဏားဆရာကြီး (၅)ယောက်-**

၁။စင်္ကီပုဏ္ဏား ၂။တာရုက္ခပုဏ္ဏား ၃။ပေါက္ခရသာတိပုဏ္ဏား

၄။ဇာဏုဿောဏိပုဏ္ဏား ၅။ တောဒေယျပုဏ္ဏား။ (မြန်၊၂၆၄။ ပါ၊၂၂၂။) (၅-မှတ်)

**မေတ္တာပွားပုံ-**

မေတ္တာပွါးများသောသူသည်ချမ်းသာစေလိုသောမေတ္တာနှင့်ယှဉ်သောစိတ်ဖြင့်တစ်ခုသောအရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက်, သုံးခုမြောက်, လေးခုမြောက် အရပ်မျက်နှာတို့ကို ပျံ့နှံ့စေ၍ နေ၏။ ဤနည်းဖြင့် အထက်အောက် ဖီလာအရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ အလုံးစုံသော အရပ်မျက်နှာတို့၌ (ရှိသော) သတ္တဝါအားလုံးကို မိမိနှင့်အတူ ပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သောအတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။ (မြန်၊၂၇၇။ ပါ၊၂၃၄။) (၅-မှတ်)

---

# အုပ်စု (၂) ဒီဃနိကာယ
# မဟာဝဂ္ဂပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇-ရက်၊ (၉-၇-၂၀၂၂) တနင်္ဂနွေနေ့

---

၁။ ဇာတိသည် အဘယ့်ကြောင့် စက်ဆုပ်ဖွယ်ဖြစ်ရသည်ကိုဖြေဆို၍ အဘယ်သို့ ကြံတွေး၍ လူအပေါင်းသည် ဝိပဿီမင်းသားကို အတုယူ ရဟန်းပြုကြသည်ကို ပြဆိုကာ မြတ်စွာဘုရားသည် အဘယ့်ကြောင့် ရှေးဘုရားရှင်တို့၏ ဇာတိ, နာမ, ဂေါတ္တစသည်ကို သိတော်မူနိုင်ရသည်ကို ပြည့်စုံစွာ ဖော်ပြပါ။

၁-ဖြေ **စက်ဆုပ်ဖွယ်ဖြစ်ပုံ=**

ယင်းဖြစ်ခြင်းဇာတိကြောင့် ဖြစ်ပေါ်လာသူအား အိုခြင်းသည် ထင်တုံဘိ၏၊ နာခြင်း- သေခြင်းသည် ထင်တုံဘိ၏။ ထို့ကြောင့် ဇာတိသည် စက်ဆုပ်ဖွယ်ဖြစ်ရပါသည် ။(စာ-၂၄)

**အကြံဖြစ်ပုံ=**

ဆံမုတ်ဆိတ်ကိုပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်လျက် ဝိပဿီမင်းသားကျင့်သုံးသော ထိုတရားနှင့်ဝိနည်းသည် မယုတ်ညံ့သည်သာ စင်စစ်ဖြစ်လတ္တံ့၊ ဝိပဿီမင်းသား သော်မှ ဆံမုတ်ဆိတ်ကိုပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်နိုင်သေး၏၊ ငါတို့ကား အဘယ်မှာ မဝင်နိုင်ပဲရှိအံ့နည်း၊ (စာ-၂၆)

**သိတော်မူနိုင်ပုံ=**

မြတ်စွာဘုရားသည် အောက်မေ့နိုင်ကြောင်းဖြစ်သော ဓမ္မဓာတ်ကို ကိုယ်တိုင်ပင် ကောင်းစွာ ထိုးထွင်း၍ သိတော်မူပေသောကြောင့်လည်းကောင်း၊

နတ်(ဖြဟ္မာ)တို့သည်လည်း မြတ်စွာဘုရား အား ဤအကြောင်းကို လျှောက်ကုန်သောကြောင့်လည်းကောင်း သိတော်မူနိုင်ပါသည်။ (စာ=၅၀) (၃+၃+၄=၁၀မှတ်)

---

၂။ အဘယ်သို့ မရှုသောရဟန်းကို လောက၌ တစ်စုံတစ်ခုကိုမျှ မစွဲလမ်းသောရဟန်းဟု ဆိုရသည်ကို ဖြေဆို၍ လေးခုမြောက်ဝိညာဏဋ္ဌိတိကို ပြဆိုကာ အရိယန်လူမျိုးတို့နေထိုင်ရာ အဘယ်မြို့သည် အဘယ် အန္တရာယ်များ ကျရောက်နိုင်သည်ကို သတိပြုဖွယ် ဖော်ပြပါ။

၂-ဖြေ **မစွဲလန်းသောရဟန်း=**

ခံစားခြင်းဝေဒနာသည်ပင် အတ္တဟူ၍လည်းမရှု၊ အတ္တသည် မခံစားတတ်ဟူ၍လည်း မရှု၊ ငါ၏ အတ္တသည် ခံစားတတ်၏ ငါ၏ အတ္တသည် ခံစားခြင်းသဘောရှိ၏ဟူ၍လည်း မရှုသော ရဟန်းကို မစွဲလန်း သောရဟန်းဟူ၍ ဆိုရပါသည်။ (စာ=၆၆)

**လေးခုမြောက်ဝိညာဏဋ္ဌိတိ=**

ကိုယ်သဏ္ဌာန်ခြင်းတူ၍ ပဋိသန္ဓေသညာခြင်းလည်း တူကုန်သော သုဘကိဏှာဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့သည် လေးခုမြောက်ဝိညာဏဋ္ဌိတိမည်၏။ (စာ-၆၇)

**အန္တရာယ်=**

မီးအန္တရာယ် ၊ ရေအန္တရာယ်၊ အခြင်းခြင်းကွဲပြားမှုကြောင့်ဖြစ်သောအန္တရာယ်၊ (စာ=၈၆) (၄+၃+၃=၁၀မှတ်)

---

၃။ တရားကြေးမုံ လေးပါးစုံကို အကျဉ်းမျှ ပြဆို၍ ဝေသာလီ၏ သာယာပျော်မွေ့ဖွယ်ကောင်းသော အရပ်ဒေသတို့တွင် နောက်ဆုံးအရပ်ဒေသ၌ မြတ်စွာဘုရားကျူးရင့်တော်မူသော ဥဒါန်းစကားကိုလည်း မြန်မာဘာသာဖြင့် ဖြေဆိုပါ။

၃-ဖြေ **တရားကြေးမုံ=**

မြတ်စွာဘုရားကို ဉာဏ်ဖြင့်တွေ့မြင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊

တရားတော်ကို ဉာဏ်ဖြင့်တွေ့မြင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊

သံဃာတော်ကို ဉာဏ်ဖြင့်တွေ့မြင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊

အရိယာတို့မြတ်နိုးသော သီလနှင့် ပြည့်စုံခြင်း၊ (စာ=၉၂)

**ဥဒါန်းစကား-**

မြတ်စွာဘုရားသည် အတုမဲ့နိဗ္ဗာန်နှင့် အဖန်ဖန်ဖြစ်မှု ဘဝကို နှိုင်းချိန်လျက် ဘဝဖြစ်ရန် ပြုပြင်တတ်သော ကံကို စွန့်ပယ်ခဲ့လေပြီ၊ အဇ္ဈတ္တတရား၌ မွေ့လျော်ကာ ကောင်းစွာတည်ကြည်သော စိတ်ရှိသည်ဖြစ်၍ ချပ်ဝတ်နှင့်တူသော မိမိသန္တာန်ရှိ ကိလေသာကွန်ရက်ကို ဖျက်ဆီးခဲ့လေပြီ။ (၁၀၄) (၄+၆=၁၀မှတ်)

---

၄။ မြတ်စွာဘုရား အာတုမမြို့၌ သီတင်းသုံးတော်မူစဉ် ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်ကို အကျဉ်းမျှ ဖော်ပြ၍ အခြားဆွမ်းအလှူတို့ထက် အာနိသင်ကြီးမား၍ အကျိုးတူသော ဆွမ်းအလှူနှစ်မျိုးကို ပြဆိုကာ မြတ်စွာဘုရားကို အကောင်းဆုံး ပူဇော်နည်းကိုလည်း ဖြေဆိုခဲ့ပါ။

၄-ဖြေ **ဖြစ်ရပ်အကျဉ်း=**

မြတ်စွာဘုရား အာတုမမြို့၌ သီတင်းသုံးတော်မူစဉ် မိုးရွာ၍ တချုန်းချုန်း မိုးခြိမ်းစဉ် လျှပ်စစ်များပြက်၍မိုးကြိုးပစ်သောကြောင့် ကောက်ရိုးတဲကျောင်းအနီး နွားလားလေးကောင်နှင့် လယ်သမားညီနောင်နှစ်ယောက်တို့သေလေကုန်သော်လည်း မြတ်စွာဘုရားသည် စိတ်သညာရှိ နိုးကြားနေပါလျက် မမြင် မကြားဖြစ်ခဲ့ပါသသည်။ (၁၂၇)

**ဆွမ်းအလှူနှစ်မျိုး=**

(၁) အကြင်ဆွမ်းကိုဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရားသည် သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူ၏( ဤဆွမ်းလည်းတမျိုး)

(၂) အကြင်ဆွမ်းကို ဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရားသည် ခန္ဓာအကြွင်းမရှိသော ငြိမ်းခြင်းသဘောအနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ဝင်စံတော်မူ၏၊ ( ဤဆွမ်းလည်းတမျိုး) (၁၃၀)

**အကောင်းဆုံး ပူဇော်နည်း=**

လောကုတ္တရာတရားနှင့်လျော်သော တရားကိုကျင့်လျှက်နေ၏။ လျော်သောအကျင့်ကို ကျင့်လျက်နေ၏။ တရားနှင့်လျော်စွာကျင့်လျက်နေ၏။ ထိုသူသည် မြတ်စွာဘုရားကို အကောင်းဆုံးပူဇော်ပသနည်းဖြင့် ပူဇော်ပသသည ် မည်ပါ၏။( ၁၃၂) (၄+၄+၂=၁၀မှတ်)

---

၅။ မြတ်စွာဘုရား၏ စွယ်တော်လေးဆူ အပူဇော်ခံတည်ရှိရာ အရပ်ဒေသများကို ဖော်ပြ၍ မဟာသုဒဿန မင်းကြီး၏ ဘဝနေထိုင်မှုပုံစံနှင့် ရလာဒ်ကို အကျဉ်းမျှပြဆိုကာ အရှင်အာနန္ဒာကို ရှုမြင်စေသော သင်္ခါရနှင့် စပ်သော သဘောတရားများကိုလည်း ဖြေဆိုပါ။

၅-ဖြေ **စွယ်တော်လေးဆူ တည်ရှိရာအရပ်=**

တာဝတိံသာနတ်ပြည်၊ ဂန္ဓာရပြည်၊ ကာလိင်္ဂမင်းတို့နိုင်ငံ၊ နဂါးပြည်၊ (စာ-၁၆၀)

**ဘဝနေထိုင်မှုပုံစံနှင့်ရလာဒ်=**

အနှစ်ရှစ်သောင်းလေးထောင် သူငယ်တို့ကစားခြင်းဖြင့် ကစားကာနေထိုင်၏။

အနှစ်ရှစ်သောင်းလေးထောင်ပတ်လုံး အိမ်ရှေ့မင်းအဖြစ်ဖြင့် စံ၏။

အနှစ်ရှစ်သောင်းလေးထောင်ပတ်လုံး စကြာဝတေးမင်းအဖြစ်ဖြင့် မင်းပြု၏။

အနှစ်ရှစ်သောင်းလေးထောင်ပတ်လုံး လူဝတ်နှင့်ပင် ဓမ္မနန်းပြသာဒ်ထက်၌ မြတ်သောအကျင့်ကို ကျင့်သုံး၏။

**ရလာဒ်** ဗြဟ္မာ့ပြည်သို့ရောက်ခြင်း။ (၁၈၁)

**သင်္ခါရတရား=**

အလုံးစုံသော သင်္ခါရတရားတို့သည် ကွယ်လွန်သွားလေကုန်ပြီ၊ ချုပ်ပျောက်သွားလေကုန်ပြီ၊ ဖောက်ပြန်သွားလေကုန်ပြီ၊ အာနန္ဒာ ဤသို့ပင် သင်္ခါရတရားတို့သည် မတည်တံ့ကြသည်ချည်းသာ၊ အားမကိုးလောက်ကြသည်ချည်းသာ၊ သင်္ခါရတရားတို့၌ ငြီးငွေ့ခြင်းငှာ စွဲမက်ခြင်းကင်းခြင်းငှာ လွတ်မြောက်ခြင်းငှာ အလွန်ပင်သင့်လှလေပြီ။ (၁၈၄)(၃+၄+၃=၁၀မှတ်)

---

၆။ ဇနဝသဘနတ်သား မြတ်စွာဘုရားထံ ချဉ်းကပ်ရခြင်းအကြောင်းနှစ်ပါးတို့တွင် ဒုတိယအကြောင်းကို အကျယ် ဖော်ပြ၍ တာဝတိံသာဝယ် ဗြဟ္မာကြွလာမည့်နိမိတ်သည် အဘယ်အရပ်မှ အဘယ်သို့ ထွက်ပေါ်လာသည်ကို ဖြေဆို၍ သနင်္ကုမာရဗြဟ္မာမင်းကြီးမှ စ၍ အရှင်အာနန္ဒာအထိ အစဉ်အဆက် ဟောကြားခဲ့သော တရားတော်၏ အကျိုးတရားများကိုလည်း ပြဆိုပါ။

၆-ဖြေ **ဒုတိယအကြောင်း=**

အရှင်ဘုရား ဝေဿဝဏ်နတ်မင်းကြီးသည် ဝိရုဠ္ဟကနတ်မင်းကြီးအထံသို့ ကိစ္စတစ်ခုဖြင့် အကျွန်ုပ်ကို စေလွှတ်လိုက်သဖြင့် လာခဲ့ရာ ခရီးအကြားဝယ် မြတ်စွာဘုရားသည် အုတ်တိုက်ကျောင်းသို့ ဝင်တော်မူပြီးလျှင် မဂဓတိုင်းသား အလုပ်အကျွေးဥပါသကာတို့ကို အကြောင်းပြု၍ ထိုသူတော်ကောင်းတို့၏လားရာဂတိ ရောက်ရာဘုံဘဝကို သိအောင်ရှာအံ့ဟု လိုလားလျက် နှလုံးသွင်းလျက် စိတ်အာ ႏလုံးဖြင့်ဆင်ခြင်လျက် နေထိုင်တော်မူသည်ကို အကျွန်ုပ် တွေ့မြင်ရပါ၏။ အသျှင်ဘုရား အလွန်အံ့ဩဖွယ်ရာ အကြောင်းတိုက်ဆိုင်သည်မှာ ထိုမဂဓတိုင်းသား သူတော်ကောင်းတို့သည် ယင်းသို့လားရာဂတိ ရောက်ရာ ဘဝရှိကုန်၏ ဟု ထိုနတ်ပရိသတ်၌ ဝေဿဝဏ်နတ်မင်းကြီး ပြောဆိုသောစကားကို ကိုယ်တိုင်ကြားနာ မှတ်သားလိုက်ရပါသည်။ (၁၉၁)

**ဗြဟ္မာကြွလာမည့်နိမိတ်=**

မြောက်အရပ်မှ နတ်တို့၏ အာနုဘော်အလင်းရောင်ကို ကျော်လွန်၍ ကြီးကျယ်သော အလင်းရောင်သည် ထွက်ပေါ်လာ၏။ (၁၉၃)

**အကျိုးတရား-**

ယင်းသို့ဟောကြားသဖြင့် ဤမြတ်သောအကျင့် သာသနာတော်သည် ပညာရှိနတ်လူတို့ ကောင်းစွာ ပြနိုင်သည့်တိုင်အောင် ပြည့်စုံစည်ပင် ပြန့်ပွားလျက် လူအများသိဖြစ်ကာ အကြီးအကျယ် ထွန်းကား လာလေသတည်း။ (၂၀၁) (၆+၂+၂= ၁၀မှတ်)

---

၇။ သိကြားမင်း ဟောပြသော မြတ်စွာဘုရားဂုဏ်တော် ရှစ်ပါးတို့တွင် သုံးပါးမြောက်, ခုနစ်ပါးမြောက် ဂုဏ်တော်တို့ကို ဖော်ပြ၍ ဖြဟ္မာတို့နှင့် တွေ့ဆုံဆွေးနွေးနိုင်ကြောင်း နည်းလမ်းကောင်းနှင့် ဖြဟ္မာ့ပြည်ရောက်ကြောင်း နည်းလမ်းကောင်းကို ပြဆိုပါ။

၇-ဖြေ **သုံးပါးမြောက်**

မြတ်စွာဘုရားသည် ဤကား ကုသိုလ်, ဤကား အကုသိုလ်တည်း ဟု ကောင်းစွာဖော်ပြတော်မူပါပေ၏။ ဤကား အပြစ်ရှိ၏၊ ဤကား အပြစ်မရှိ၊ ဤကားမှီဝဲအပ်၏၊ ဤကား မမှီဝဲအပ်၊ ဤကားမည်းညစ်သောအဖို့ရှိ၏။ဤကား ဖြူစင်သောအဖို့ရှိ၏။ ဤသို့သောဂုဏ်အင်္ဂါနှင့်ပြည့်စုံတော်မူ၏။

**ခုနစ်ပါးမြောက်**

မြတ်စွာဘုရားသည် ဟောပြောသည့်အတိုင်း ပြုကျင့်လေ့ရှိတော်မူပါပေ၏။ ပြုကျင့်သည့်အတိုင်း ဟောပြောလေ့ရှိပါပေ၏။ (၂၀၄)

**ဖြဟ္မာတို့နှင့် တွေ့ဆုံဆွေးနွေးနိုင်ကြောင်း နည်းလမ်းကောင်း**

မိုးလေးလပတ်လုံး တယောက်တည်းကိန်းအောင်းလျက် ကရုဏာစျာန်ကို ပွားများဝင်စားနေသောသူသည် ဖြဟ္မာမင်းနှင့်တွေ့ဆုံ ဆွေးနွေးနိုင်၏။(၂၁၆)

**ဖြဟ္မာ့ပြည်ရောက်ကြောင်း နည်းလမ်းကောင်း**

လူ့လောကအရာတို့၌ ငါ့ဥစ္စာဟု တွယ်တာခြင်းကို ပယ်ပြီးလျှင် မေထုန်အကျင့်မှရှောင်ကြဉ်ကာ တယောက်တည်း နေလျက် ကရုဏာစျာန်၌ ဝင်စား၍ စိမ်းညှီသောအနံ့မှကင်းသည်ဖြစ်ရာ၏။ ဤတရား၌ တည်၍ ကျင့်သောပုဂ္ဂိုလ်သည် သေခြင်းကင်းရာ ဖြဟ္မာလောကသို့ရောက်နိုင်ပေ၏။

(၂၁၉)(၃+၂+၂+၃=၁၀မှတ်)

---

၈။ သမာန-စသော နတ်ဆယ်မျိုးကို ဖော်ပြ၍ မာရ်နတ်၏ မိုက်မဲပုံကို ပြဆိုကာ ပဥ္စသိခ၏ စောင်းသီချင်းဂါထာတို့တွင် သုံးခုမြောက် သီချင်းဂါထာကို မြန်မာဘာသာဖြင့် ဖော်ပြပါ။

၈-ဖြေ **သမာနစသော နတ်ဆယ်မျိုး-**

သမာန၊ မဟာသမာန၊ မာနုသ၊ မာနုသုတ္တမ၊ခိဍ္ဍာပဒေါသိက၊

မနောပဒေါသိက၊ ဟရိ၊ လောဟိတဝါသီ၊ပါရဂ၊ မဟာပါရဂ။ (၃၂၄)

**မာရ်နတ်၏ မိုက်မဲပုံ-**

သိကြားဖြဟ္မာတို့နှင့်တကွ ရှေ့ရှုလာကုန်သော ထိုနတ်ဖြဟ္မာအားလုံးတို့ဆီသို့ မာရ်နတ်၏ စစ်သည်တို့သည် ရှေးရှုချီတက်လာကြကုန်ပြီ၊ လာကြလော့ ဖမ်းကြလော့ နှောင်ဖွဲ့ကြလော့ ရာဂဖြင့်ချည်တုပ်ကြလော ထက်ဝန်းကျင်မှ ဝိုင်းဝန်းထားကြလော့ သင်တို့သည် တဦးတယောက်ကိုမျှ မလွတ်စေကြလင့် ဤသို့ဆိုလျက် စစ်သည်များစွာရှိသော မာရ်နတ်မင်းသည် မြေပြင်ကို လက်ဖြင့်ပုတ်ခတ်၍ လျှပ်စစ်နှင့်တကွ မိုးကြီးထင်ချုန်းသကဲ့သို့ ကြောက်မက်ဖွယ် အသံကိုပြုလျက် ထိုအစည်းအဝေးသို့ မာရ်စစ်သည်ကို စေလွှတ်၏ ။ (၃၂၅)

**သုံးခုမြောက် သီချင်းဂါထာ-**

ချစ်နှမ ဆေးသည် သူနာ၏ရောဂါကို ငြိမ်းစေသကဲ့သို့ အစာသည် ငတ်မွတ်နေသူ၏ ဆာလောင်ခြင်းကို ငြိမ်းစေသကဲ့သို့ တောက်လောင်နေသောမီးကို ရေဖြင့် ငြိမ်းစေသကဲ့သို့ ငါ၏ အချစ်မီးကို ငြိမ်းစေပါလော့။ (၂၃၉) (၄+၃+၃=၁၀မှတ်)

၉။ ခေတ်ကမ္ဘဋ္ဌာန်းရှုပုံကို ဖော်ပြ၍ ဥပါယာသအခ်ိပ္ပါယ်နှင့် တဏှာ၏ တည်ရာကိုလည်း ပြဆိုပါ။

၉-ဖြေ **ခေတ်ကမ္ဘဋ္ဌာန်း=**

ဤရုပ်အပေါင်း၌ မြေခေတ် ရေခေတ် မီးခေတ် လေခေတ်သည်ရှိ၏ ဟု ဤရုပ်အပေါင်းကို တည်မြဲတိုင်း ထားမြဲတိုင်းပင် ခေတ်အားဖြင့် စူးစိုက်ဆင်ခြင်၏။ (၂၆၂)

**ဥပါယာသ=**

တမျိုးမျိုးသော ပျက်စီးခြင်းနှင့် မလွတ်ကင်းသော တမျိုးမျိုးသောဆင်းရဲခြင်း၏ အကြောင်းနှင့် တွေ့ကြုံသော သတ္တဝါ၏ ပင်ပန်းခြင်း ပြင်းစွာပင်ပန်းခြင်း ပင်ပန်းသည်၏ အဖြစ် ပြင်းစွာပင်ပန်းသည်၏ အဖြစ်သည် ဥပါယာသမည်၏။ (၂၇၂)

**တဏှာ၏တည်ရာ-**

ချစ်ခင်ဖွယ်သာယာဖွယ်အာရုံ၌ တဏှာတည်၏ (၂၇၄)(၃+၄+၃=၁၀မှတ်)

---

၁၀။ ကံ, ကံ၏ အကျိုးနှင့်စပ်၍ ပါယာသိမြို့စား၏ အယူအဆကို ဖော်ပြပြီး ထိုအယူအဆကို ပယ်ရှားရန် အရှင်ကုမာရကဿပ ထုတ်ဆောင်ရှင်းပြသော ဥပမာတို့တွင် ရှေ့ခြောက်ပါးကိုသာ ဖြေဆိုပါ။

၁၀-ဖြေ

**အယူအဆ-**

ဤအကြောင်းကြောင့်လည်း တပါးသောလောကသည်မရှိ၊ သေ၍ တဖန်ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန် ၊ ကောင်းမှုကံ မကောင်းမှုကံ၏ အကျိုးဝိပါက်သည် မရှိ။ (၂၈၁)

**ဥပမာခြောက်ပါး=**

၁ =နေလဥပမာ၊

၂=ခိုးသူဥပမာ၊

၃=မစင်တွင်းနစ်မြုပ်သောယောကျ်ားဥပမာ၊

၄=တာဝတိံသာနတ်ဥပမာ၊

၅=ဝမ်းတွင်းကန်းသော ယောကျ်ားဥပမာ၊

၆=ကိုယ်ဝန်ဆောင်ပုဏ္ဏေးမဥပမာ၊ (၂၈၅) (၄+၆=၁၀မှတ်)

---

# အုပ်စု (၂) ပါထိကဝဂ္ဂပါဠိတော် မြန်မာပြန်
## မေးခွန်းနှင့် အဖြေ

-----------------

၁။ သုနက္ခတ္တရဟန်း သာသနာတော်မှ စွန့်ခွါ လူထွက်သွားရခြင်းအကြောင်းကို ရေး၍ လောက၏ အစနှင့် ပတ်သက်၍ သမဏဗြာဟ္မဏတို့ ဟောပြောကြပုံ ဝါဒစုံကိုလည်း လိုရင်းမျှ ဖြေဆိုပါ။

ဖြေ။ သုနက္ခတ္တရဟန်း သာသနာတော်မှ စွန့်ခွာ လူထွက်သွားရခြင်းအကြောင်း

ရဟန်းဂေါတမအထံ၌ မြတ်သောအကျင့်ကို ကျင့်ရန် မစွမ်းနိုင်သောကြောင့် သိက္ခာချ၍ လူထွက်၏။ (၂-မှတ်) (ပါ-၄။ ပိုဒ်-၆။ မြန်-၄)

လောက၏ အစနှင့် ပတ်သက်၍ သမဏဗြာဟ္မဏတို့ ဟောပြောကြပုံ ဝါဒစုံ

အချို့သော သမဏဗြာဟ္မဏတို့သည် အစိုးရသူဖန်ဆင်းခြင်းဟူသော ဗြဟ္မာဖန်ဆင်းခြင်းဟူသော ဆရာ့ဝါဒဖြစ်သော လောက၏ အစဟု သိအပ်သော အဂ္ဂညတရားကို ဟောပြောကြကုန်၏။ (၂-မှတ်) (ပါ-၂၃။ ပိုဒ်-၃၇။ မြန်-၂၁)

အချို့သော သမဏဗြာဟ္မဏတို့သည် ခိဍ္ဍာပဒေါသိကနတ်လျှင် အကြောင်းရင်းရှိသော ဆရာ့ဝါဒဖြစ်သော လောက၏ အစဟု သိအပ်သော အဂ္ဂညတရားကို ဟောပြောကုန်၏။ (၂-မှတ်) (ပါ-၂၅။ ပိုဒ်-၄၁။ မြန်-၂၃)

အချို့သော သမဏဗြာဟ္မဏတို့သည် မနောပဒေါသိကနတ်လျှင် အကြောင်းရင်းရှိသော ဆရာ့ဝါဒဖြစ်သော လောက၏ အစဟု သိအပ်သော အဂ္ဂညတရားကို ဟောပြောကုန်၏။ (၂-မှတ်) (ပါ-၂၆။ ပိုဒ်-၄၃။ မြန်-၂၄)

အချို့သော သမဏဗြာဟ္မဏတို့သည် အကြောင်းမဲ့ဖြစ်ပေါ်ခြင်းဟူသော ဆရာ့ဝါဒဖြစ်သော လောက၏ အစဟု သိအပ်သော အဂ္ဂညတရားကို ဟောပြောကုန်၏။ (၂-မှတ်) (ပါ-၂၇။ ပိုဒ်-၄၅။ မြန်-၂၄)

---

၂။ ဘဂ္ဂဝအနွယ်ဖြစ်သော ပရိဗိုဇ်အား မြတ်စွာဘုရား တိုက်တွန်းတော်မူသော နောက်ဆုံးစကားတော် ကို ရေး၍၊ မြတ်စွာဘုရား တရားဟောတော်မူခြင်း၏ ရည်ရွယ်ချက် ၅-မျိုးကိုလည်း ရေးခဲ့ပါ။

ဖြေ။ မြတ်စွာဘုရား တိုက်တွန်းတော်မူသော နောက်ဆုံးစကားတော်-

ဘဂ္ဂဝ! အယူတစ်မျိုး အလိုတစ်မျိုး အကြိုက်တစ်မျိုး အားထုတ်မှုတစ်မျိုး ဆရာတစ်မျိုးရှိသော သင်သည် တင့်တယ်သည်ဟု ဆိုအပ်သော ထိုဝိမောက္ခစျာန်ကို ဝင်စား၍ နေခြင်းငှါ ခဲယဉ်း၏၊ ဘဂ္ဂဝ! ငါ တိုက်တွန်း၏၊ သင်သည် ငါ၌ ကြည်ညိုခြင်းကိုသာ ကောင်းစွာ စောင့်ထိန်းလော့။ (၅-မှတ်) (ပါ-၂၉။ ပိုဒ်-၄၈။ မြန်-၂၆)

မြတ်စွာဘုရား တရားဟောတော်မူခြင်း၏ ရည်ရွယ်ချက် ၅-မျိုး

သစ္စာလေးပါးကို သိစေခြင်းငှါ တရားကို ဟောတော်မူ၏၊ ယဉ်ကျေးစေခြင်းငှါ တရားကို ဟော တော်မူ၏၊ ငြိမ်းအေးစေခြင်းငှါ တရားကို ဟောတော်မူ၏၊ (ဩဃလေးဖြာ, သံသရာမှ) ကူးမြောက် စေခြင်းငှါ တရားကို ဟောတော်မူ၏၊ နိဗ္ဗာန်သို့ ရောက်စေခြင်းငှါ တရားကို ဟောတော်မူ၏။ (၅-မှတ်) (ပါ-၄၅။ ပိုဒ်-၇၆။ မြန်-၄၃)

---

၃။ အရိယစက္ကဝတ္တိဝတ်များတွင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်မည့်သူများ မိမိတိုင်းပြည်၌ မဖြစ်စေရမည့် သဘောတရားကို ရေး၍၊ သမဏဗြာဟ္မဏတို့ထံ လျှောက်ပတ်သောအခါ ချဉ်းကပ်၍ မေးမြန်း စုံစမ်းရမည်များကိုလည်း ပြည့်စုံအောင် ဖြေဆိုခဲ့ပါ။

ဖြေ။ မင်းလုပ်မည့်သူများ မိမိတိုင်းပြည်၌ မဖြစ်စေရမည့် သဘောတရား-

အနိုင်အထက် နှိပ်စက်မှုများကို မဖြစ်စေရပါ။ (၃-မှတ်) (ပါ-၅၀။ ပိုဒ်-၈၄။ မြန်-၅၀)

သမဏဗြာဟ္မဏတို့ထံ လျှောက်ပတ်သောအခါ ချဉ်းကပ်၍ မေးမြန်း စုံစမ်းရမည်များ-

**အရှင်ဘုရားတို့! အဘယ်သည် ကုသိုလ်ပါနည်း၊ အဘယ်သည် အကုသိုလ်ပါနည်း၊ အဘယ်သည် အပြစ်ရှိပါသနည်း၊ အဘယ်သည် အပြစ်မရှိပါသနည်း၊ အဘယ်ကို မှီဝဲအပ်ပါသနည်း၊ အဘယ်ကို မမှီဝဲအပ်ပါသနည်း၊ အကျွန်ုပ် ပြုအပ်သော အဘယ်တရားသည် ရှည်စွာသော ကာလပတ်လုံး အစီးအပွားမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ပါသနည်း၊ အကျွန်ုပ် ပြုအပ်သော အဘယ်တရားသည် ရှည်စွာသော ကာလပတ်လုံး အစီးအပွားဖြစ်ခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ပါသနည်း☆☆ဟု မေးမြန်း စုံစမ်းရမည်။ (၇-မှတ်) (ပါ-၅၀။ ပိုဒ်-၈၄။ မြန်-၅၀)

---

၄။ လူတို့၏ အနှစ်ငါးရာသက်တမ်းကာလ၌ တိုးတက်များပြားလာသော တရားများကို ဖော်ပြ၍၊ " မြတ်စွာဘုရား၏ ရင်မှဖြစ်သော သား, (ပ) တရားအမွေခံဖြစ်သော သား " ဟု ဆိုထိုက်သော ပုဂ္ဂိုလ်၏ ဂုဏ်ရည်များကိုလည်း ဖြေဆိုပြီးလျှင် ဝါသေဋ္ဌအား မိန့်တော်မူအပ်သော ကိုယ်တော်မြတ်၏ အမည်တော် ၄-မျိုးကိုလည်း ရေးခဲ့ပါ။

ဖြေ။ လူတို့၏ အနှစ်ငါးရာ သက်တမ်းကာလ၌ တိုးတက်များပြားလာသော တရားများ-

မတရားသော တပ်မက်ခြင်း(အဓမ္မရာဂ)၊ အလွန်အကြူး တပ်မက်ခြင်း(ဝိသမလောဘ)၊ မှားသော အကျင့်တရား(မိစ္ဆာဓမ္မ)။ (၃-မှတ်) (ပါ-၅၈။ ပိုဒ်-၁၀၁။ မြန်-၅၉)

မြတ်စွာဘုရား၏ ရင်မှဖြစ်သော သား-စသည် ဆိုထိုက်သော ပုဂ္ဂိုလ်၏ ဂုဏ်ရည်များ '

မြတ်စွာဘုရား၌ ယုံကြည်မှုသည် မတုန်မလှုပ် တည်ခြင်း, မဂ်အမြင် ပေါ်ခြင်းကြောင့် ဖြစ်ခြင်း, ထိုမဂ်အမြင်ဖြင့် တည်ခြင်း, မြဲမြံခိုင်ခံ့ခြင်း, ရဟန်း-ပုဏ္ဏား-နတ်-မာရ်နတ်-ဗြဟ္မာ-လောက၌ တစ်စုံတစ်ယောက်သောသူသည် လှုပ်ရှားခြင်းငှါ မတတ်နိုင်ခြင်း။ (၅-မှတ်) (ပါ-၆၉။ ပိုဒ်-၁၁၈။ မြန်-၇၂)

ကိုယ်တော်မြတ်၏ အမည်တော် ၄-မျိုး '

ဓမ္မကာယ, ဗြဟ္မကာယ, ဓမ္မဘူတ, ဗြဟ္မဘူတ။ (၂-မှတ်) (ပါ-၆၉။ ပိုဒ်-၁၁၈။ မြန်-၇၂)

---

၅။ လိုက်နာကျင့်သုံးရမည့် ကောင်းသောနှုတ်အကျင့်(ဘဿသမာစာရ)များကို ရေး၍၊ (က)ငြိမ်းအေးမှုကို မဖြစ်စေနိုင်သော သုခလ္လိကာနုယောဂ, (ခ)ငြိမ်းအေးမှုကို ဖြစ်စေနိုင်သော သုခလ္လိကာနုယောဂတို့တွင် နောက်ဆုံးနှစ်မျိုးစီတို့ကို ထုတ်နုတ် ဖြေဆိုခဲ့ပါ။

ဖြေ။ **လိုက်နာကျင့်သုံးရမည့် ကောင်းသောနှုတ်အကျင့်(ဘဿသမာစာရ)များ ‘**

**မုသာဝါဒနှင့် စပ်သော စကားကို မဆိုခြင်း၊ ကွဲပြားစေတတ်သော စကားကို မဆိုခြင်း၊ ကုန်းချော သော စကားကို မဆိုခြင်း၊ (ဒေါသဖြင့်) ချုပ်ချယ်သော စကားကို မဆိုခြင်း၊ အောင်နိုင်ခြင်းကို ရှေးရှုသည်ဖြစ်၍ မဆိုခြင်း၊ ပညာဖြင့် ဆင်ခြင်၍ စိတ်နှလုံး၌ ထားသင့်သော စကားကို သင့်လျော် သောအခါ၌ ဆိုခြင်း။ (၆-မှတ်)** (ပါ-၈၈။ ပိုဒ်-၁၅၃။ မြန်-၉၆)

**(က) ငြိမ်းအေးမှုကို မဖြစ်စေနိုင်သော နောက်ဆုံး သုခလ္လိကာနုယောဂ နှစ်မျိုး ‘**

**မဟုတ်မမှန်သော စကားကို ပြော၍ ပြော၍ မိမိကိုယ်ကို ချမ်းသာစေခြင်း, နှစ်သက်စေခြင်း၊ ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံ ပြည့်စုံစွာ ခံစားခြင်း။ (၂-မှတ်)** (ပါ-၁၀၈။ ပိုဒ်-၁၈၃။ မြန်-၁၂၄-၅)

**(ခ) ငြိမ်းအေးမှုကို ဖြစ်စေနိုင်သော နောက်ဆုံး သုခလ္လိကာနုယောဂ နှစ်မျိုး ‘**

**နှစ်သက်ခြင်း ပီတိ၏လည်း ကင်းခြင်းကြောင့် တတိယစျာန်သို့ ရောက်၍ နေခြင်း၊**
**ချမ်းသာခြင်း သုခကိုလည်း ပယ်ခြင်းကြောင့်, ဆင်းရဲခြင်း ဒုက္ခကိုလည်း ပယ်ခြင်းကြောင့် စတုတ⬇ စျာန်သို့ ရောက်၍ နေခြင်း။ (၂-မှတ်)** (ပါ-၁၀၉။ ပိုဒ်-၁၈၄။ မြန်-၁၂၅)

---

၆။ (က) “ ပဒေါင်ပင်ကဲ့သို့ ဝန်းဝိုင်းသော ကိုယ်ရှိခြင်း, မကိုင်းမညွတ်ဘဲ ရပ်လျက်ပင် နှစ်ဘက်သောလက်ဝါး အပြင်တို့ဖြင့် ပုဆစ်ဒူးတို့ကို သုံးသပ်ဆုပ်နယ်နိုင်ခြင်း ” ဟူသော မဟာပုရိသလက္ခဏာ နှစ်ပါးတို့ကို ရရှိတော်မူခြင်း၏ ရှေးကောင်းမှု (ခ) “ သင်းကျစ်ဆင်ထားဘိသကဲ့သို့သော ဦးခေါင်းတော်ရှိခြင်း ” ဟူသော မဟာပုရိသလက္ခဏာတော်ကြောင့် ဘုရားရှင် ရရှိတော်မူသော အကျိုးတို့ကို ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။

ဖြေ။ (က) မဟာပုရိသလက္ခဏာ နှစ်ပါးတို့ကို ရတော်မူခြင်း၏ ရှေးကောင်းမှု ‘

ရှေး လူဖြစ်စဉ်အခါက လူအများအား ချီးမြှောက်မှုကို ကြည့်ရှုဆင်ခြင်လသော် မည်သူသည် မည်သည့်အရာနှင့် တူသည်ကို သိ၏၊ မိမိကိုယ်တိုင် သိ၏၊ “ဤသူသည် ဤအလှူကို ခံထိုက်၏၊ ဤသူသည် ဤအလှူကို ခံထိုက်၏” ဟု ပုဂ္ဂိုလ်မြတ်ကို သိ၏၊ ပုဂ္ဂိုလ်ထူးကို သိ၏။ ရှေးအခါ ထိုထိုဘဝ၌ ပုဂ္ဂိုလ်ထူးကို သိ၍ ထိုက်တန်သည့်အလျောက် ပေးလှူခြင်းစသည်ကို ပြုခဲ့၏။ (၅-မှတ်) (ပါ-၁၃၂။ ပိုဒ်-၂၂၂။ မြန်-၁၅၄)

(ခ) ဘုရားရှင် ရရှိတော်မူသော အကျိုး ‘

မြတ်စွာဘုရား၏ အလိုသို့ လိုက်သော ဝေနေယျသည် များ၏၊ ထိုဝေနေယျတို့ဟူသည် ရဟန်းယောကျ်ားများ, ရဟန်းမိန်းမများ, ဥပါသကာယောကျ်ားများ, ဥပါသိကာမိန်းမများ, နတ်များ, လူများ, အသုရာများ, နဂါးများ, ဂန္ဓဗ္ဗနတ်များတည်း။ (၅-မှတ်) (ပါ-၁၃၇။ ပိုဒ်-၂၃၀။ မြန်-၁၅၉)

---

၇။ “ယသ”ဟူသော အခြံအရံ အကျော်အစောကို ရရှိမည့် ပုဂ္ဂိုလ်တို့ကို သိင်္ဂါလလုလင်အား မြတ်စွာဘုရား မိန့်တော်မူသည့်အတိုင်း ပြည့်စုံအောင် ရေးသား ဖြေဆိုခဲ့ပါ။

ဖြေ။ **အကြင်သူသည် (မိဘ, ဆရာတည်းဟူသော) အရပ်မျက်နှာတို့ကို ရှိခိုးခြင်း၌ လိမ္မာမြင်သိ ပညာ ရှိ၏၊ သီလနှင့် ပြည့်စုံ၏၊ သိမ်မွေ့သောစကား, နက်နဲသော ဉာဏ်ပညာရှိ၏၊ နှိမ့်ချခြင်းရှိ၏၊ ခက်ထန်ခြင်းမရှိ၊ ထိုသို့သောသူသည် အကျော်အစောကို ရ၏။ (၃-မှတ်)**

**အကြင်သူသည် ထကြွလုံ့လ ဝီရိယရှိ၏၊ ပျင်းရိခြင်းမရှိ၊ ဘေးရန်တို့ ဖြစ်ပေါ်လသော် မတုန်လှုပ်၊ မပြတ်အားထုတ်အပ်သော အသက်မွေးမှုရှိ၏၊ အရာအားလျော်စွာ ပညာရှိ၏၊ ထိုသို့သောသူသည် အကျော်အစောကို ရ၏။ (၃-မှတ်)**

**အကြင်သူသည် (သင်္ဂဟဝတ္ထုတို့ဖြင့်) ချီးမြှောက်တတ်၏၊ မိတ်ဆွေကောင်းကို ရှာတတ်၏၊ ကျေးဇူး ကို သိတတ်၏၊ ဝန်တိုမှုမရှိ၊ အကျိုးကို ဆောင်တတ်၏၊ အကြောင်းပြ၍ ဆုံးမတတ်၏၊ ခေါင်း ဆောင်တတ်၏၊ ထိုသို့သောသူသည် အကျော်အစောကို ရ၏။ (၄-မှတ်)** (ပါ-၁၅၆။ ပိုဒ်-၂၇၃။ မြန်-၁၈၂)

---

၈။ (က) မြတ်စွာဘုရားအား အာဋာနာဋိယမည်သော ပရိတ်အစောင့်အရှောက် ဂါထာတို့ကို ရွတ်ဆိုလျှောက်ထားသောပုဂ္ဂိုလ် (ခ) ဂန္ဓဗ္ဗနတ်တို့ကို အစိုးရသော နတ်မင်း (ဂ) ပါဝါပြည်သား မလ္လာမင်းတို့၏ မင်းကွန်း သစ်အမည် (ဃ) ဒုက–တရားနှစ်ပါးစုတို့တွင် နောက်ဆုံးနှစ်ပါး (င) ဝန်တိုခြင်း “မစ္ဆရိယ”တို့တွင် နောက်ဆုံး နှစ်ပါးတို့ကို တိကျစွာ ဖြေဆိုပါ။

ဖြေ။ **(က) ဝေဿဝဏ်(ကုဝေရ)နတ်မင်း၊ (၂-မှတ်)** (ပါ-၁၅၉။ ပိုဒ်-၂၇၆။ မြန်-၁၈၃)

**(ခ) ဓတရဋ္ဌနတ်မင်း၊ (၂-မှတ်)** (ပါ-၁၆၀။ ပိုဒ်-၂၇၈။ မြန်-၁၈၅)

**(ဂ) ဥဗ္ဗတက အမည်ရှိ၏၊ (၂-မှတ်)** (ပါ-၁၇၅။ ပိုဒ်-၂၉၇။ မြန်-၁၉၉)

**(ဃ) ကိလေသာကုန်ရာ အရဟတ္တမဂ်ဉာဏ်, အရဟတ္တဖိုလ်ဉာဏ်၊ (၂-မှတ်)** (ပါ-၁၈၀။ မြန်-၂၀၄)

**(င) အဆင်း၌ ဝန်တိုခြင်း, တရား၌ ဝန်တိုခြင်း။ (၂-မှတ်)** (ပါ-၁၉၅။ မြန်-၂၂၁)

---

၉။ ၅–ခုမြောက် မှီခိုရာပြုတတ်သော(နာထကရဏ)တရားကို ဖြေဆို၍ ငါ့ရှင်တို့! ရဟန်းသည် အဘယ်သို့လျှင် အလုံးစုံသော ရှာမှီးခြင်းတို့ကို ကောင်းစွာ စွန့်လွှတ်ပြီးဖြစ်သနည်း? ဟူသော အမေးကို ဖြေဆိုပြပါ။

ဖြေ။ **၅-ခုမြောက် မှီခိုရာပြုတတ်သော(နာထကရဏ)တရား ‘**

**ရဟန်းသည် သီတင်းသုံးဖော်တို့၏ “အဘယ်အမှုကို ပြုရပါမည်နည်း” ဟု ဆို၍ ပြုအပ်သော အယုတ်အမြတ်ဖြစ်သော ကိစ္စတို့၌ ကျွမ်းကျင်လိမ္မာ၏၊ ပျင်းရိခြင်းမရှိ၊ ထိုထိုအကြောင်း၌ လိမ္မာ သော ပညာနှင့် ပြည့်စုံ၏၊ ပြုခြင်းငှါ စွမ်းနိုင်၏၊ စီရင်ခြင်းငှါ စွမ်းနိုင်၏။ (၆-မှတ်)** (ပါ-၂၂၂။ မြန်-၂၄၇)

**အဘယ်သို့လျှင် အလုံးစုံသော ရှာမှီးခြင်းတို့ကို ကောင်းစွာ စွန့်လွှတ်ပြီးဖြစ်သနည်း? ‘**

**ငါ့ရှင်တို့! ဤသာသနာတော်၌ ရဟန်းသည် ကာမကို ရှာမှီးခြင်းကို ပယ်အပ်ပြီးဖြစ်၏၊ ဘဝကို ရှာမှီးခြင်းကို ပယ်အပ်ပြီးဖြစ်၏၊ မြတ်သောအကျင့်ကို ရှာမှီးခြင်းသည် ငြိမ်းပြီးဖြစ်၏။ ငါ့ရှင်တို့! ဤသို့လျှင် ရဟန်းသည် အလုံးစုံသော ရှာမှီးခြင်းတို့ကို ကောင်းစွာ စွန့်လွှတ်ပြီးဖြစ်၏။ (၄-မှတ်)** (ပါ-၂၂၅။ မြန်-၂၄၉)

---

၁၀။ ဒသုတ္တရသုတ္တန်၏ ဂုဏ်ရည်နှင့် ယင်းသုတ္တန်ကို ဟောတော်မူချိန် ဘုရားရှင် သီတင်းသုံးတော်မူရာအရပ်ကို ဖော်ပြ၍ (ယောနိသောမနသိကာရ) နှလုံးသွင်း မှန်ကန်သူအား ရရှိနိုင်သော အကျိုးတရား အဆက်ဆက်ကို လည်း ဖြေဆိုပါ။

**ဖြေ။ ဒသုတ္တရသုတ္တန်၏ ဂုဏ်ရည် ‘**

**အလုံးစုံသော အထုံးအဖွဲ့ ဂန္ထတရားတို့မှ လွတ်မြောက်စေတတ်ခြင်း။**

**(၂-မှတ်)** (ပါ-၂၂၇။ ပိုဒ်-၃၅၀။ မြန်-၂၅၁)

**ယင်းသုတ္တန်ကို ဟောတော်မူချိန် ဘုရားရှင် သီတင်းသုံးတော်မူရာအရပ် ‘**

**စမ္ပာမြို့ ဂဂ္ဂရာမည်သော ရေကန်နား၌ သီတင်းသုံးနေပါသည်။ (၂-မှတ်)** (ပါ-၂၂၇။ ပိုဒ်-၃၅၀။ မြန်-၂၅၁)

**နှလုံးသွင်း မှန်ကန်သူအား ရရှိနိုင်သော အကျိုးတရား အဆက်ဆက် ‘**

**အသင့်အားဖြင့် နှလုံးသွင်းသောသူအား ဝမ်းမြောက်ခြင်းသည် ဖြစ်၏၊ ဝမ်းမြောက်ခြင်းရှိသူအား နှစ်သက်ခြင်းသည် ဖြစ်၏၊ နှစ်သက်သော စိတ်ရှိသူ၏ နာမ်ရုပ်အပေါင်းသည် ငြိမ်းအေး၏၊ နာမ် ရုပ်အပေါင်း ငြိမ်းအေးခြင်းရှိသူသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာသုခရှိသောသူ၏ စိတ်သည် တည်ကြည်၏၊ စိတ်တည်ကြည်သည်ရှိသော် ဟုတ်မှန်သည့်အတိုင်း သိ၏ မြင်၏၊ ဟုတ်မှန်သည့် အတိုင်း သိသည် မြင်သည်ရှိသော် ငြီးငွေ့၏၊ ငြီးငွေ့သည်ရှိသော် တပ်မက်ခြင်း ကင်း၏၊ တပ် မက်မှု ကင်းခြင်းကြောင့် ကိလေသာတို့မှ လွတ်၏။ (၆-မှတ်)** (ပါ-၂၅၂။ ပိုဒ်-၃၅၉(က)။ မြန်-၂၇၇)

---